စည်တိုင်း(လယ်)ကျေးရွာ

စည်တိုင်းကျေးရွာအုပ်စု၊ ဆင်ပေါင်ဝဲမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP)

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ စည်တိုင်း(လယ်)ကျေးရွာ

(ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှကူညီရေးဆွဲပါသည်။)

၂၀၁၉ခုနှစ် ၊ အောက်တိုဘာလ ရက်

## မာတိကာ


မာတိကာ

၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မရေးရာ

၆။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) - ဖွံ့ဖြိုးရေးဗျူဟာဇယား

နောက်ဆက်တွဲ(၂) - ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀၂၀ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ စည်တိုင်း(လယ်)ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

အောက်တိုဘာလ ၊ ၂၀၁၉ခုနှစ် ။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စည်တိုင်း(လယ်)ကျေးရွာ ၊ ဆင်ပေါင်ဝဲမြို့နယ်

## ၂။ သယံဇာတပြမြေပုံ

### စည်တိုင်း(လယ်)ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဆင်ပေါင်ဝဲမြို့နယ်



**ရည်ညွှန်း** – စည်တိုင်း(လယ်)ကျေးရွာ၊ စည်တိုင်းကျေးရွာအုပ်စု၊ ဆင်ပေါင်ဝဲမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၈ခုနှစ်၊ အောက်တိုဘာလ)

## ၃။ တည်နေရာနှင့် ပထဝီအနေအထား

စည်တိုင်း(ရွာလယ်)ကျေးရွာသည် စည်တိုင်းကျေးရွာအုပ်စုတွင်ပါဝင်ပြီး ဆင်ပေါင်ဝဲမြို့မှ (၃၀)မိုင်အကွာအဝေးတွင် တည်ရှိပါသည်။ ကျေးရွာသည် ရေလမ်း၊ ကုန်းလမ်းများရှိပြီး ကုန်းလမ်းမှာ အချိန်မရွေးရာသီမရွေး ယာဉ်မျိုးစုံဖြင့် သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ် ရေးကောင်းမွန်ပါသည်။ အဓိကစိုက်ပျိုးသော သီးနှံမှာ ပဲမျိုးစုံ၊ နှမ်းနှင့် ဝါတို့ဖြစ်ပါသည်။

## ၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

စည်တိုင်း(လယ်)ကျေးရွာတွင် လယ်ယာစိုက်ပျိုးရန်အတွက် မိုးရေကိုသာ အားထားရပါသည်။ ရိုးချောင်းများရှိသဖြင့် သဲကိုအလွယ်တကူရရှိနိုင်ပါသည်။ စည်တိုင်း(လယ်)ကျေးရွာတွင် ကြောင်၊ ယုန်အစရှိသော သတ္တဝါမျိုးစိတ်များ အထိုက်အလျောက်ရှိပြီး သဘာဝဆေးဖက်ဝင်အပင်များအနေဖြင့် ဇီးဖြူ၊ ဖန်းခါး၊ ဆင်တုံးမနွယ်၊ သခွပ်ပင် အစရှိသောအပင်များ ပေါများပါသည်။ ရှား၊ ကုက္ကို၊ တမာ၊ ထနောင်း၊ ဒဟတ်၊ သန်း၊ မန်ကျည်းအစရှိသော အပင်များပေါက်ရောက်ပြီး ထိန်းသိမ်းမှုအားနည်းခြင်းနှင့် ထုတ်ယူသုံးစွဲမှုများသောကြောင့် အပင်မျိုးစိတ်များ ရှားပါးလာပြီး တိရစ္ဆာန်မျိုးစိတ်များလည်း လျော့နည်းလာသည်။

## (၅) ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

စည်တိုင်း(လယ်)ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးကဏ္ဍတွင် ရပ်မိရပ်ဖအဖွဲ့၊ ဝတ်အသင်းအဖွဲ့နှင့် ဂေါပကအဖွဲ့များဖွဲ့စည်းထားပြီး လူမှုရေးကဏ္ဍတွင် လူငယ်အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ကျောင်းကော်မတီအဖွဲ့ စသည်တို့ ဖွဲ့စည်းထားပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသော အဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပုံမှန်အစည်းအဝေးပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအားသက်ဆိုင်ရာဦးစီးဌာနများ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း(PRA)တွင် ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျွန်ုပ်တို့ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စု (၁၈၂)စု၏ (၂၀%)ခန့်သည် ဆင်းရဲသည်ဟုခံယူကြပါသည်။ အိမ်ထောင်စု(၁၄၂)စုခန့်မှာ အဆင်ပြေသောအိမ်ထောင်စုများဖြစ်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများသည် မြေယာမဲ့နှင့် (၅)ဧကအောက်တောင်သူငယ်များဖြစ်ပြီး အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများသည် (၅)ဧကနှင့်အထက်ပိုင်ဆိုင်သူများဖြစ်ကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး မြေယာပိုင်ဆိုင်မှုများရှိသော်လည်း ရာသီဥတု ဖောက်ပြန်ခြင်း၊ ပိုးမွှားကျရောက်ပျက်ဆီးခြင်း၊ လုပ်သားရှားပါးခြင်းနှင့် ဈေးနှုန်းကြီးမားခြင်း၊ သွင်းအားစု များထည့်သွင်းအသုံးပြုမှုစရိတ်မြင့်မားခြင်းနှင့် ဈေးကွက်မတည်ငြိမ်ခြင်း အစရှိသော အခက်အခဲများကြောင့် စိုက်ပျိုးရေးလုပ်ကိုင်သော တောင်သူများမှာ ကြွေးမြီများတင်ရှိကာ စီးပွားရေးအကြပ်အတည်းနှင့် ရင်ဆိုင် ရေရသည်။

## (ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ကျေးရွာသူ/သားများအနေဖြင့် အနီးဆုံးဈေးကွက်အဖြစ် ကျေးရွာမှ (၁၀)မိုင်ခန့်ကွာဝေးသော ဆင်ပေါင်ဝဲဈေးသို့သွားရောက်ကြပြီး အကြီးစားဈေးကွက်အဖြစ် ကျေးရွာမှ မိုင်(၃၀)ခန့်ကွာဝေးသော မင်းလှမြို့သို့ သွားရောက်ကြပါသည်။ ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်ပြီး ပွင့်လင်းရာသီတွင် သွားရေးလာရေးလွယ်ကူပါသည်။ ကျေးရွာချင်းဆက်လမ်းများမှာလည်း မြေသားလမ်းဖြစ်ပြီး မိုးတွင်းအခါ တွင် လမ်းများပျက်စီးကာ သွားရေးလာရေး အခက်အခဲများရှိပါသည်။

ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားဆောင်ရွက်သည့်အတွက် နွားလှည်းကို အသုံးပြုကြပြီး သယ်ယူပို့ဆောင်ရေးတွင် ကား၊ ဆိုင်ကယ်တို့ဖြင့် အဓိကအသုံးပြုကြပါသည်။ ကျေးရွာတွင် မဟာဓါတ်အားလိုင်းအသုံးပြုသောအိမ်ထောင်စု(၉၂)စုရှိပြီး ဆိုလာမီးဖြင့်အသုံးပြုသော အိမ်ထောင်စုမှာ (၇၁)စုရှိ၍ ကျန်အိမ်ထောင်စုများမှာ ဘတ္တရီမီး၊ ဖယောင်းတိုင်းမီး အစရှိသည်တို့ဖြင့် အသုံးပြုကြပါသည်။ သတင်းအချက်များကို ရေဒီယို၊ တီဗွီ၊ စလောင်းများမှ အဓိက ရယူသုံးစွဲကြပြီး ဖုန်းအသုံးပြုသူများသည့် အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် လက်လှမ်းမီ သည့် ကျေးရွာဖြစ်ပါသည်။

ကျေးရွာတွင်းရှိအိမ်ထောင်စုများသည် ရေတွင်းမှရေကိုသာ အဓိကထား၍ သောက်ရေနှင့်သုံးရေကို အသုံးပြုကြသည်။ ရေကန်များမှရေကို တိရစ္ဆာန်များ သောက်ရန်အတွက် အသုံးပြုပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ယာတစ်ကေလျှင် (၅၀၀၀၀)ကျပ်နှင့် လယ်တစ်ကေလျှင် (၁၀၀၀၀၀)ကျပ်နှုန်းကို ပုံစံ(၇)အပေါင်ထား၍ ချေးယူရပါသည်။ ကေများစွာပိုင်ဆိုင်မှုရှိသော်လည်း အများဆုံး (၁၀)ကေအထိသာ ချေးရပါသည်။ သမဝါယမချေးငွေ၊ ငွေချေးပေးသူ၊ အပေါင်ဆိုင် စသည်တို့မှ ချေးငွေများ ချေးယူရပါသည်။

## (င) ပညာရေး

စည်တိုင်း(လယ်)ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး မူလတန်းကျောင်းသားဦးရေ (၅၃)ဦး၊ အလယ်တန်းကျောင်းသားဦးရေ (၄၇)ဦး၊ အထက်တန်းကျောင်းသားဦးရေ (၂၅)ဦးနှင့် တက္ကသိုလ်/ ကောလိပ်တက်ရောက်နေသူဦးရေ (၆)ဦးရှိပါသည်။ ဆရာ(၂)ဦးနှင့်ဆရာမ(၄)ဦး စုစုပေါင်း (၆)ဦးရှိပါသည်။ ကျောင်းသုံးပရိဘောဂမှာ လုံလောက်မှုရှိပါသည်။ အာဟာရတိုက်ကျွေးမှုမှာ မရှိသလောက်ရှားပါသည်။ တက္ကသိုလ်ကျောင်းသားများသည် မကွေးမြို့သို့ သွားရောက်၍ တက်ရောက်ကြရပါသည်။

(စ) ကျန်းမာရေး

စည်တိုင်း(လယ်)ကျေးရွာရှိ ကျေးရွာလူထုအနေဖြင့် ရာသီအလိုက်ဖျားနာခြင်း၊ အအေးမိခြင်း၊ ဆီးချို၊ သွေးတိုးရောဂါများ ဝမ်းပျက်ဝမ်းလျှောရောဂါ ၊ သွေးလွန်တုပ်ကွေးရောဂါများသာ ဖြစ်လေ့ဖြစ်ထရှိပါသည်။ ကျေးရွာတွင်ကျန်းမာရေးအခက်အခဲများရှိပါက ကျေးရွာနှင့် (၃)မိုင်ခန့်ကွာဝေးသော ကျေးလက်ကျန်းမာရေး ဌာနခွဲနှင့် (၁၀)မိုင်ခန့်ကွာဝေးသော တိုက်နယ် ဆေးရုံသို့ သွားရောက်ကြရပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းကိုနှစ်စဉ်တွေ့ကြုံခံစားကြရပါသည်။ မိုးခေါင်ခြင်းကြောင့် တောင်သူများ၏ စိုက်ခင်းများ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးရေးစရိတ် ကြီးမြင့်ခြင်းတို့ကို ခံစားရပါသည်။ ယာမြေများတွင် နှစ်ရှည်ပင်များ စိုက်ပျိုးရန် သင့်တော်ပါသည်။ တိရစ္ဆာန်နှင့် စိုက်ပျိုးရေး သီးနှံများတွင် ရောဂါပိုးမွှားကျရောက်မှုများပါသည်။ မြေဆီလွှာထိန်းသိမ်းမှုအားနည်းခြင်းကြောင့် မြေဆီလွှာ ခမ်းခြောက်မှုနှင့် တွေ့ကြုံနေရပါသည်။ သစ်တောများခုတ်ထွင်ရှင်းလင်းမှုများကြောင့် မီးသွေးလောင်စာများ ရှားပါးလာပါသည်။ ကျေးရွာအနီးပတ်ဝန်းကျင်တွင် တောဇီးဖြူ၊ ထိကရုန်း၊ မြင်းခွါရွက်ပင်များ ပေါက်ရောက်မှုပိုမို များပြားလာပါသည်။

(ဇ) ကျား-မ ရေးရာ

ကျေးရွာတွင် ကျား၊ မ ရေးရာလေ့လာတွေ့ရှိချက်အရ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိပါသည်။ အမျိုးသမီးများ အတွက် သတင်းအချက်အလက်နှင့် သင်တန်းများမှာ လက်လမ်းမှီမှုရှိကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီး အကြမ်းဖက်မှုဥပဒေနှင့် ပတ်သက်သော အသိပညာပေး ဟောပြောပွဲများအား ရဲစခန်းနှင့် အမျိုးသမီးရေးရာအဖွဲ့များမှ လာရောက်ပြုလုပ်ပေးလေ့ရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

## စည်တိုင်း(လယ်)ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ဦးစားပေးအဆင့်သတ်မှတ်ခြင်း

| စဉ် | အဆိုပြုစီမံချက်အမည် | ပေးမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများ မြေနီကျောက်စရစ်ခင်းခြင်း | | ၁ |
| ၂ | မူလွန်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | | ၂ |
| ၃ | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း | | ၃ |
| ၄ | ကျန်းမာရေးဆိုင်ရာအသိပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း | | ၄ |
| ၅ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | | ၅ |
| ၆ | အားကစားကွင်းဆောက်လုပ်ခြင်း | | ၆ |

### (ဃ) အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလသတ်မှတ်ခြင်း

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအားအခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | အဆိုပြုစီမံချက်အမည် | ဦးစားပေး အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများ မြေနီကျောက်စရစ်ခင်းခြင်း | ၁ | | | | | |
| ၂ | မူလွန်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၂ | | | | | |
| ၃ | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း | ၃ | | | | | |
| ၄ | ကျန်းမာရေးဆိုင်ရာအသိပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း | ၄ | | | | | |
| ၅ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၅ | | | | | |
| ၆ | အားကစားကွင်းဆောက်လုပ်ခြင်း | | | | | | |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၉ | ၁၃ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၉ | ၁၅ | ၃၄ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၉ | ၂၃ | ၅၂ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၇ | ၂၃ | ၅၀ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၈၄ | ၂၈၈ | ၅၇၂ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၈ | ၂၃ | ၄၁ | | |
| စုစုပေါင်း | | ၃၈၁ | ၃၈၁ | ၇၆၂ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၁၈၂ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ စည်တိုင်း(လယ်)ကျေးရွာတွင် အိမ်ထောင်စု(၁၈၂)စု လူဦးရေမှာ ကျား(၃၈၁)၊ မ(၃၈၁) စုစုပေါင်း(၇၆၂)ဦးတို့ ရှိပါသည်။ တစ်နှစ်အောက်ကလေးကျား(၄)ဦး၊ မ(၉)ဦး၊ (၅)နှစ်မှ(၉)နှစ်အထိ ကျား(၂၉)ဦး၊ မ(၂၃)ဦး (၁၀)နှစ်မှ (၁၄)နှစ်ထိ ကျား(၂၇)ဦး၊ မ(၂၃)ဦး၊ (၁၅)နှစ်မှ(၆၄)နှစ် အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၂၈၄)ဦး၊ မ(၂၈၈)ဦးနှင့် (၆၅)နှစ်အထက် ကျား(၁၈)ဦး၊ မ(၂၃)ဦး တို့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၁၃ | ၁၃၄ | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၅ | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၂ | ၁၄ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၀ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | | | | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ အိမ်ထောင်စု (၁၈၂)စုရှိသည့်အနက် အိမ်ထောင်စု(၁၁၃)မှာ လယ်ယာစိုက်ပျိုးရေးကိုလုပ်ကိုင်ကြပြီး မိသားစုဝင်အင်အား (၁၃၄)ဦးရှိပါသည်။ စိုက်ပျိုးစရိတ် ကုန်ကျငွေများပြီး အမြတ်နည်းသောကြောင့် တောင်သူများအတွက်အလုပ်အကိုင်အခွင့်အလမ်းတွင် အလယ်အလတ် ၌ ရှိပါသည်။ လက်သမား၊ပန်းရံ လုပ်ကိုင်သူများရှိသော်လည်း ပွင့်လင်းရာသီမှသာ လုပ်ကိုင်ရသဖြင့် အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် အလယ်အလတ်တွင်ရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၃၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။ စည်တိုင်း(လယ်)ကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်သဖြင့် ယာထွန်ခြင်း၊ ပေါင်းနုတ်ခြင်း၊ သီးနှံစိုက်ခြင်း/သိမ်းခြင်းတို့အတွက် တစ်နှစ်ပတ်လုံး လုပ်သားများငှာရမ်းလုပ်ကိုင်ရပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကျား လုပ်အားခအများဆုံး(၇၀၀၀)၊အနည်းဆုံး(၅၀၀၀)၊ မ လုပ်အားခ အများဆုံး (၅၀၀၀)၊ အနည်းဆုံး(၃၅၀၀) ပေးရပါသည်။ (၄၀၀၀ိ/-)ပေးရပါသည်။ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း အနေဖြင့် ကျား လုပ်အားခ အများဆုံး(၇၀၀၀)နှင့် အနည်းဆုံး(၆၀၀၀)၊ မ လုပ်အားခ အများဆုံး(၄၀၀၀)နှင့် အနည်းဆုံး (၃၅၀၀)ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၁၆ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၈၃ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၃၉၉ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့် မြေများကိုဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ စည်တိုင်း(လယ်)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ(၁၁၆)ဧကနှင့် ယာမြေ(၂၈၃)ဧက စုစုပေါင်း(၃၉၉)ဧက ပိုင်ဆိုင်ပါသည်။ စပါး၊ ပဲ၊ နှမ်းကို အဓိကထားစိုက်ပျိုးပြီး ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ဝါ၊ ပဲကြီး စသည်တို့ကို သီးညှပ်အဖြစ် စိုက်ပျိုးလေ့ရှိကြောင်းလေ့လာတွေ့ ရှိရပါသည်။

### (ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☑ သင့်☐ နည်း ☐မရှိ ☐ | လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များမှာ များပြီး အသုံးချနိုင်မှုမှာ လွယ်ကူပါသည်။ သဘာဝနွားစာအနည်းငယ်ရှိသဖြင့် အသုံးပြုနိုင်ပါသည်။ သစ်တောကြီးများမရှိသဖြင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ ရှားပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | (၁၆)ဧက | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | တိုက်အိမ်၊ သွပ်မိုး၊ ပျဉ်ထောင် | သွပ်မိုး၊ ပျဉ်ထောင် | သက္ကယ်မိုး၊ ထရံကာ | သက္ကယ်မိုး၊ ထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | - | - | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ အရောင်း/အဝယ် | တောင်သူ၊ ကျပန်း | ကျပန်း၊ နေ့စား | ကျပန်း၊ နေ့စား |
| အိမ်ထောင်စု | ၁၆ | ၅၀ | ၇၆ | ၄၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအိမ်ထောင်စု(၁၈၂)စုတွင် အဆင်ပြေသောအိမ်ထောင်စု(၁၆)စု၊ အလယ်အလတ်အဆင်ပြေသော အိမ်ထောင်စု(၅၀)စု၊ မပြေလည်သောအိမ်ထောင်စု(၇၆)စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၄၀)စုရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ တောင်သူ၊ အရောင်းအဝယ်လုပ်ပြီး၊ အလယ်အလတ်အဆင်ပြေသောအိမ်ထောင်စုမှာ တောင်သူ၊ ကျပန်းလုပ်ကိုင်ပြီး အဆင်မပြေသောအိမ်ထောင်စုနှင့် အလွန်အဆင်မပြေသော အိမ်ထောင်စု ကျပန်း၊ နေ့စား လုပ်ကိုင်စားသောက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | ၂၅ | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = _____✓______<br>လုပ်အားခကြိုယူ = _____✓______ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | ၁၀ | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = _____✓_____<br>လုပ်အားခကြိုယူ = _____✓_____ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၁၄၇ | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = _____✓______<br>လုပ်အားခကြိုယူ = _____✓______ |

**ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်(၃)လအောက်ဝမ်းစာဖူလုံမှုအိမ်ထောင်စု(၂၅)စု၊ (၃)လနှင့်(၆)လကြားဝမ်းစာဖူလုံမှုအိမ်ထောင်စု (၁၀)စုရှိပါသည်။ ကျန်အိမ်ထောင်စုများမှာ (၆)လနှင့် (၁၂)လအထိ ဝမ်းစာဖူလုံကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | | ၃ | ၃ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၄ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | ၆ | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် (၆၄)နှစ်နှင့်အထက် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုအိမ်ထောင်စု(၃)စုရှိပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု(၅)စုရှိပြီး၊ မုဆိုးဖို / တစ်ခုလပ်ဦးဆောင်သည့်အိမ်ထောင်စု(၄)နှင့် အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု (၆)စု တို့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်းဒီရေ | | ✓ | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | လျှေင် | ✓ | | | | | |
| ၈ | အပူလှိုင်း | | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလွန်ကဲခြင်း | | ✓ | | | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်ခြင်း | | ✓ | | | | |
| ၁၃ | တောမီးလောင်ခြင်း | | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | ✓ | | | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | | ✓ | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | ✓ | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | | | | | |
| ၂၁ | ငှက်ဖျားရောဂါ | | | | | | |
| ၂၂ | တီဘီရောဂါ | ✓ | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | | | | | |
| ၂၄ | ကပ်ရောဂါ | | | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | ✓ | | | | |
| ၂၇ | လူကုန်ကူးခြင်း | | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

**မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့် အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေမှာ စားနပ်ရိက္ခာမဖူလုံမှုများ ၊ သဘာဝအရင်းအမြစ်ရှားပါးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မြေဆီလွှာပျက်ယွင်းမှုများ၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုများ စသည့်အချက်များမှာ ထိခိုက်သက်ရောက်လွယ်သော အခြေအနေများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | | | | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | | ✓ | | | | |
| ၃ | ဆင်းရဲသားတောင်သူ | | | | | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက် နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင်နေထိုင်သူ | | | | | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာ တွင်နေထိုင်သူများ | | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရ သူများ (IDP) | | | | | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | ✓ | | | | |
| ၁၁ | လူနည်းစုလူမျိုးများ | | | | | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူ များ | | | | | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | | | | | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | | | | | | |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | | | | | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | | | | | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | | | | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ လေ့လာတွေ့ရှိချက်အရ ကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရနိုင်သည့် သူများမှာ လူငယ်များ၊ အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့်အိမ်ထောင်စုများ၊ လက်လုပ်လက်စားများ၊ ကျပန်းများ၊ နေရပ်ပြန် အခြေချသူများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | လူငယ် | ၁☐၂☑၃☐ | ၁၅ | ၁၀ | ၂၅ | ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၂ | ဂေါပက | ၁☐၂☐၃☑ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၃ | ရပ်မိရပ်ဖ | ၁☐၂☑၃☐ | | | | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၄ | ဝတ်အသင်း | ၁☐၂☐၃☑ | | ၁၂ | ၁၂ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၅ | မီးသတ်အဖွဲ့ | ၁☐၂☑၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၆ | ကျောင်းကော်မတီ | ၁☐၂☐၃☑ | | | | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၇ | | ၁☐၂☐၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဖွဲ့အစည်းပေါင်း(၆)ဖွဲ့ရှိပါသည်။ အဖွဲ့အစည်းအားလုံးကို ကျေးရွာသူ/သားများ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသည်။ လူငယ်အဖွဲ့၊ ဂေါပကအဖွဲ့၊ ရပ်မိရပ်ဖ၊ ဝတ်အသင်း၊ မီးသတ်တပ်ဖွဲ့၊ ကျောင်းကော်မတီအဖွဲ့ စသည်ဖြင့် ဖွဲ့စည်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။

(က-၂)    ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | Pact Myanmar | ၁☐၂☑၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစ်မ်းရောင်စသည်) တို့ကို၎င်းဇယားတွင်<u>ထည့်သွင်းဖော်ပြခြင်းမပြုပါရန်</u>။

**လေ့လာတွေ့ရှိချက်။** ။စည်တိုင်း(ရွာလယ်)ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းအနေဖြင့် Pact Myanmar အဖွဲ့အစည်း တစ်ခုတည်းသာ ရှိပါသည်။ Pact Myanmar အဖွဲ့မှ ကျေးရွာတွင်းရှိ အသင်းသားအား စိုက်ပျိုးရေးနှင့် အရောင်း အဝယ်လုပ်ငန်းများဆောင်ရွက်ရန် ချေးငွေများထုတ်ချေးပေးလျက် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၀ | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၂၀ | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၅၆ | | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၅၀ | | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | ၁၆ | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း | | ၁၈၂ | | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အိမ်ထောင်စု(၁၈၂)စုရှိသည့်အနက် မြေယာမဲ့(၄၀)အိမ်ထောင်စု၊ ဆင်းရဲသားတောင်သူအိမ်ထောင်စု(၂၀)စု၊ တောင်သူငယ်အိမ်ထောင်စု(၅၆)စု၊ တောင်သူလတ်(၅၀)အိမ်ထောင်စုနှင့် တောင်သူကြီး (၁၆)အိမ်ထောင်စု ရှိကြောင်း တွေ့ရှိရပါသည်။ မျိုးကောင်း၊ မျိုးသန့်မရှိခြင်း၊ သီးနှံဈေးနှုန်းမကောင်းခြင်း၊ လုပ်အားခဈေးကြီးခြင်း၊ သွင်းအားစုများ လိုအပ်ခြင်းတို့ကြောင့် ဝင်ငွေနှင့် ထွက်ငွေမျှတမှုမရှိဘဲ ငွေကြေးအခက်အခဲရှိသူများ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ် ခုကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☑ | ရှိ☑မရှိ☐ | လျော့☐တိုး☐ |

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ် ခုကိုသာရွေးရန်) |
| | | | ရာသီအလိုက်☐ မဖြေဆိုပါ☐ | မဖြေဆိုပါ☐ | အပြောင်းအလဲမရှိ☐ |
| ၆ | လက်ငင် ရေတွင်း | | တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☑မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☑မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☑မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ရေအရင်းအမြစ်မှာ အဝီစိတွင်း၊ လက်ငင်းတွင်း၊ စိမ့်စမ်းရေနှင့် ချောင်းရေ စသည်တို့ဖြစ်ပြီး တစ်နှစ်ပတ်လုံး လုံလောက်စွာသုံးစွဲနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း**

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစုလို အပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ် ရရှိနိုင်မှု(မှန် ရာတစ်ခုကို သာရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကို သာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| နှမ်း | ၂၈၃ | တင်း | ၃ | ၇ | ၆ | ဇွန် | စက်တင်ဘာ | မြင့်☐လတ်☑ နိမ့်☐ | မြင့်☐လတ် ☐နိမ့်☐ | မြင့်☐လတ်☐ နိမ့်☑ |
| ပဲစင်းငုံ | ၂၈၃ | တင်း | ၄ | ၇ | ၆ | ဇွန် | ဒီဇင်ဘာ | မြင့်☐လတ်☑ နိမ့်☐ | မြင့်☐လတ် ☐နိမ့်☐ | မြင့်☐လတ်☑ နိမ့်☐ |
| ဝါ | ၂၈၃ | ပိဿာ | ၁၅၀ | ၃၀၀ | ၂၅၀ | ဇူလိုင် | ဇန်နဝါရီ | မြင့်☐လတ်☑ နိမ့်☐ | မြင့်☐လတ် ☐နိမ့်☐ | မြင့်☐လတ်☑ နိမ့်☐ |
| စပါး | ၁၁၆ | တင်း | ၂၅ | ၃၅ | ၃၂ | ဇူလိုင် | နိုဝင်ဘာ | မြင့်☐လတ်☑ နိမ့်☐ | မြင့်☐လတ် ☐နိမ့်☐ | မြင့်☐လတ်☑ နိမ့်☐ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နှမ်း၊ ပဲ၊ ဝါ၊ စပါး တို့ကို စိုက်ပျိုးကြပါသည်။ မြေပဲကို မိုးဦးနှင့် မိုးလယ် စိုက်ပျိုးပြီး နှမ်းကို မိုးဦးတွင် စိုက်ပျိုးသည်။ မြေဩဇာနှင့်ပိုးသတ်ဆေးကို အဓိကအသုံးပြုရန်လိုအပ်သည်။ လုပ်အားခဈေးကြီးခြင်း၊ သီးနှံဈေးမရှိခြင်း၊ သွင်းအားစုများ ဈေးကြီးခြင်းကြောင့် ဝင်ငွေနှင့်ထွက်ငွေမမျှတပဲ အမြတ်ရရှိမှုနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| **ထွန်စက်** | ၃ | | | ၁၂၃ |
| **လက်တွန်းထွန်စက်** | | | | |
| **အစေ့ချကိရိယာ** | | | | |
| **ရိတ်သိမ်းခြွေလှေ့စက်** | | | | |
| **ရိတ်သိမ်းစက်** | | | | |
| ခြွေလှေ့စက် | | | | |
| ရေစုပ်စက် | | | | |
| ခြေနင်းရေတင်စက် | | | | |
| **မြက်ရိတ်စက်** | ၈ | | | ၃၀ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်မှုမှာ ထွန်စက်(၃)စီးနှင့် မြက်ရိတ်စက်(၈)ခု ရှိကြောင်း သိရှိရပါသည်။ ထွန်စက်ကို (၁)နာရီလျှင်(၂၅၀၀၀/-)ဖြင့် တောင်သူ(၁၂၃)ဦးခန့် ငှားရမ်းသုံးစွဲနိုင်ကြကြောင်း လေ့လာတွေ့ ရှိရပါသည်။

(၅) **သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ**

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | **အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑မဖြေဆိုပါ☐** |
| လယ်ယာမြေအသုံးချနိုင်မှု | **အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑မဖြေဆိုပါ☐** |
| စိုက်ပျိုးရေအရင်းအမြစ် | **ပေါများ☐အသင့်အတင့်ရှိ☐မဖြေဆိုပါ☐** |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | **အလွယ်တကူရသည်☐ရသည်☐မဖြေဆိုပါ☐** |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | **မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐<br>သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ☐** |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာ နှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | **လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ဝယ်ယူရနိုင်သည်☐မဖြေဆိုပါ☐** |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ | **လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ဝယ်ယူရနိုင်သည်☐မဖြေဆိုပါ☐** |
| လုပ်သားရရှိနိုင်မှု | **အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐** |
| နည်းပညာအုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | **အလွယ်တကူရနိုင်သည်☐ရနိုင်သည်☐မဖြေဆိုပါ☐** |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | **သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐<br>သီးနှံများကိုရောင်းချနိုင်သည်☑မဖြေဆိုပါ☐** |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(<u>မှန်ရာတစ်ခုကိုသာ</u>ရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်) | **ထိခိုက်သည်☐ မထိခိုက်ပါ ☐ မဖြေဆိုပါ☐** |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများမှာ သဘာဝရေမြေ ရာသီဥတုအနေအထား သင့်တင့်မျှတခြင်း၊ လယ်ယာမြေအသုံးချနိုင်မှု သင့်တင့်မျှတခြင်း၊ သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာ နှင့် အခြားအော်ဂဲနစ်သွင်းအားစုများ ဝယ်ယူရနိုင်ခြင်း၊ လုပ်သားရရှိနိုင်မှုရှိခြင်း စသည့် အချက်များရှိပါက သီးနှံများ အထွက်နှုန်းတိုးလာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | **မြေဆီဩဇာမကောင်း☐ရာသီဥတုမမှန်☐မဖြေဆိုပါ☑** |
| လယ်ယာမြေအသုံးချနိုင်မှု | **လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑လယ်ယာမြေဆုံးရှုံးမှုများသည်☐<br>လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☑<br>ပလပ်မြေများရှိသည်☐<br>ပလပ်မြေအသင့်အတင့်ရှိသည်☐မဖြေဆိုပါ☐** |
| စိုက်ပျိုးရေအရင်းအမြစ် | **အလွယ်တကူမရနိုင်☐လုံးဝမရ☑မဖြေဆိုပါ☐** |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | **အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐** |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | **အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☐** |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာ နှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | **အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☐** |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ | **အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☐** |
| လုပ်သားရရှိနိုင်မှု | **အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑** |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန် ဆောင်မှုများ | **အလွယ်တကူမရနိုင်☐လုံးဝမရ☑မဖြေဆိုပါ☐** |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | **သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐<br>သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐မဖြေဆိုပါ☐** |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | **ဆိုးရွားစွာကျ☐အသင့်အတင့်ကျ☐အနည်းငယ်☐မဖြေဆိုပါ☐** |
| ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့် ပတ်သက်သောသတင်းအချက်အလက် လက်လှမ်းမီမှု | **အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☐** |
| ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့် | **အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☐** |

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များ လက်လှမ်းမီမှု | |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများမှာ မြေလွတ်မြေရိုင်းများရှိသော်လည်း သီးနှံထွက်နှုန်းနည်းပါးနေသည့်အတွက် လယ်ယာမြေ တိုးချဲ့နိုင်မှုမရှိပါ။ စိုက်ခင်းများတွင် ဖျက်ပိုးနှင့် ရောဂါကျမှုများကို အမြစ်ပြတ်ကာကွယ်နိုင်မှုမရှိသေးပါ။ နှစ်စဉ်ဖြစ်ပွား လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ–၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၇၁ | ၂၀၇ |
| နို့စားနွား | | |
| ကျွဲ | | |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | ၂ | ၅၀ |
| သိုး | | |
| ဝက် | ၅ | ၁၄ |
| ကြက် | ၉ | ၁၅၅ |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | |
| ရေချိုငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်နေသောအိမ်ထောင်စု (၈၇)စု ရှိပါသည်။ အိမ်ထောင်စု (၇၁)စုမှာ နွားမွေးမြူရေးလုပ်ကိုင်ပြီး နွား(၂၀၇)ကောင်ရှိပါသည်။ ဆိတ်မွေးမြူရေးကို အိမ်ထောင်စု(၂)စုလုပ်ကိုင်ပြီး ဆိတ်ကောင်ရေ(၅၀)ရှိကြောင်း သိရပါသည်။ ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု(၅)စုရှိပြီး ဝက်ကောင်ရေ(၁၄) ကောင် ရှိပါသည်။ ကြက်မွေးမြူရေးကို အိမ်ထောင်စု(၉)စု လုပ်ကိုင်ပြီး ကြက်ကောင်ရေ(၁၅၅)ကောင်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ**

**ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ**

